★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၅၄/၂၀၀၇

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်။



"××× ကျမတို့ဟာ ပြန်လည်ပြီးတော့ သင့်မြတ်ချင်တဲ့စိတ်ဓါတ်တွေ၊ ဆွေးနွေးချင်တဲ့ စိတ်ဓါတ်တွေ၊ တနိုင်ငံလုံးမှာ အားလုံးသွေးစည်းချင်တဲ့စိတ်ဓါတ်တွေ နည်းနည်းလေးမှ လျော့မသွားပါဘူး။ ဘယ်ပုဂ္ဂိုလ်ကိုမှလည်း ပုဂ္ဂိုလ်ရေးအရ ကျမတို့ အာဃာတ မထားပါဘူး။ ဒီပြဿနာတွေကို ဖြေရှင်းဖို့ဟာ အရေးကြီးဆုံးပါဘဲ။ ကျမတို့အနေနဲ့ နိုင်ငံတော် အေးချမ်းသာယာရေးအဖွဲ့နဲ့ပဲဖြစ်စေ၊ ဘယ်အဖွဲ့အစည်းနဲ့ ပဲဖြစ်စေ၊ လက်တွဲဖို့ရာ လုံးလုံး ဝန်မလေးပါဘူး။ နိုင်ငံအတွက်ဆိုရင် ဘယ်သူနဲ့မဆို ကျမတို့လက်တွဲနိုင်ပါတယ် ×××"

(၂၀၀၃ခုနှစ်၊ ဇန်နဝါရီလ (၄)ရက်နေ့၊ (၅၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား၌ ပြောကြားသောမိန့်ခွန်းမှ)

ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၅)လနဲ့(၁၅)ရက်ရှိသွားပါပြီ။

## ယနေ့ သတင်းများ

၁။ အာဏာပိုင်များရဲ့မတရားအရေးယူမှုတွေကို တရားဥပဒေရှေ့ရောက်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ
၂။ ဗိုလ်ချုပ်စိုးဝင်း ဈာပနအခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်များ
၃။ န အ ဖ မှ အကြမ်းဖက်ဝင်ရောက်ခဲ့သော ဘုန်းတော်ကြီးကျောင်း များ
၄။ လူငယ်များအနေဖြင့် အမျိုးဘာသာ သာသနာကို ကာကွယ်ရန် အဆင်သင့်ရှိ
၅။ နအဖဝန်ကြီးချုပ် ဈာပနကို နိုင်ငံတော် အခမ်းအနားနှင့် ကျင်းပ၊ အလံတိုင်တဝက်လွှင့်ထူ
၆။ အေအိုင်ဒီအက်စ် ဝေဒနာသည်များကို ကူညီခဲ့သူ ကိုကျော်ကျော်နိုင်ကို သရက်ကနေ အင်းစိန်ထောင်သို့ပို့
၇။ မကွေး နအဖ ညီလာခံထောက်ခံပွဲ တက်ခဲ့ရသူ အောင်လံသားတွေ မကျေနပ်ဖြစ်နေ
၈။ မိုးညှင်းသံဃာနှင့် အန်အယ်လ်ဒီအဖွဲ့ဝင်များ ဟိုပင်အချုပ်တွင် ထိန်းသိမ်းထား
၉။ ညီလာခံကို မထောက်ခံကြဖို့ RCSS က ရှမ်းပြည်သူကို ကြေညာ
၁၀။ ကိုလှမျိုးနောင် အာရုံကြော ထိခိုက်သွားခြင်းသည် နအဖ၌ တာဝန်ရှိ
၁၁။ လူ့ဘောင်သစ်ပါတီက လူထုတိုက်ပွဲ အရှိန်ဆက်မြှင့်ရန် တိုက်တွန်း ပြောဆို
၁၂။ ချူလာလောင်ကွန်း သာသနာ့ တက္ကသိုလ်မှ သောတဇန စာသင်သား သံဃာတော်တပါးက သံဃာ့နာယက ဆရာတော်ကြီးထံ လျှောက်ထား တောင်ပန်းချက်
၁၃။ All India Forward Blocပါတီက မြန်မာ့ ဒီမိုကရေစီအရေး ဟောပြောပွဲပြုလုပ်
၁၄။ ဆန္ဒပြသူတွေကို ဆက်လက်ဖမ်းဆီးနှိမ်နင်းမှုတွေ ရပ်တန့်ဖို့ နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တောင်းဆို

## အာဏာပိုင်များရဲ့မတရားအရေးယူမှုတွေကို တရားဥပဒေရှေ့ရောက်အောင် ဘယ်လိုလုပ်ဆောင်နိုင်မလဲ

*ဗွီအိုအေ ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

မြန်မာနိုင်ငံမှာ မကြာသေးခင်က ဆန္ဒပြပွဲတွေဖြစ်ခဲ့ပြီးတဲ့နောက် ပျောက်ဆုံးနေတဲ့သူတွေ၊ အာဏာပိုင်တွေက ဖမ်းဆီးခေါ်ဆောင်သွားပြီး ဘယ်ရောက်နေမှန်းမသိ ဘာသတင်းမှမရတဲ့သူတွေ၊ သေဆုံးသွားပြီဆိုပြီး အာဏာပိုင်တွေက လာအကြောင်းကြားသူတွေနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်သူတွေအနေနဲ့ ဘာများလုပ်နိုင်ပါမလဲ၊ ဘယ်သူ့ကို တိုင်ကြားနိုင်ပါမလဲ။ ဒီကိစ္စတွေအတွက် ပြည်တွင်းနဲ့နိုင်ငံတကာ တရားစီရင် ရေးစနစ်တွေအရ ဘာတွေလုပ်ဆောင်နိုင်ပါမလဲ၊ စသည်အားဖြင့် ဦးကျော်ကျော်သိန်းက တင်ပြထားပါတယ်။

ပျောက်ဆုံးသူ၊ ဖမ်းဆီးခေါ်ဆောင်သွားသူ၊ သေဆုံးတယ်ဆိုသူတွေအတွက် မိသားစုဝင်တွေ ဆွေမျိုးသားချင်းတွေအနေနဲ့ နိုင်ငံရဲ့တရားစီရင်ရေးစနစ်အရ လုပ်ဆောင်နိုင်တာတွေရှိပါတယ်။ ဒါပေမယ့် တရားရုံးတွေမှာ အဲဒီလိုလုပ်ဆောင်နိုင်တဲ့ အခွင့်အာဏာ လက်တွေ့မှာ ရှိမနေဘူးလို့ဆိုပါတယ်၊ မြန်မာနိုင်ငံရှေ့နေများကောင်စီအဖွဲ့ဝင်နဲ့ အာရှလူ့အခွင့်အရေးကော်မရှင်မှာ မြန်မာပြည်ဆိုင်ရာ ကိစ္စရပ်တွေဆောင်ရွက်နေသူ ဦးမင်းလွင်ဦးက ခုလို ပြောပြပါတယ်။

"ပြစ်မှုဆိုင်ရာ ကျင့်သုံးဥပဒေပုဒ်မ ၁၉၁ ပြဋ္ဌာန်းထားတာရှိပါတယ်။ ဒါပေမယ့် ပြဿနာကဘာလဲဆိုတော့ ဖမ်းဆီးထိန်းသိမ်းထားတဲ့သူတွေကို ရှေ့တော်သွင်းစာချွန်တော်လိုမျိုး တရားရုံးရှေ့အရောက်တင်ပို့ဖို့ အာဏာပိုင်တွေကို ဆင့်ဆိုနိုင်တဲ့ အခွင့်အာဏာရှိပေမယ့်လည်း တရားရုံးတွေက ဒီကိစ္စကို လက်ခံဆောင်ရွက်ပေးခြင်း မရှိတာကို ကျွန်တော်တို့ တွေ့နေရတယ်။ တရားရုံးကလည်း ဒီအာဏာပိုင်တွေရဲ့ လက်အောက်က ဖြစ်နေတဲ့အတွက် ဒီလိုမျိုး ကိစ္စတွေမှာ သူတို့ကဆောင်ရွက်ပေးတာမရှိတဲ့ အနေအထားဖြစ်နေတယ်။ "

ဒီတော့ သက်ဆိုင်သူ ကာယယံရှင်တွေအနေနဲ့ ဘာမှ လုပ်ဆောင်နိုင်တာမျိုး မရှိတော့ဘူးရယ်လို့တော့ မဟုတ်ပါဘူး၊ ဒီလို ကိစ္စမျိုးတွေကို သက်ဆိုင်ရာကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတွေမှာ သွားရောက်သတင်းပေးပို့နိုင်ပါတယ်တဲ့။

"ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာ အခုလောလောဆယ်ဆယ် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းတခုဖြစ်တဲ့ ICRC ရှိပါတယ်။ ICRC က အကျဉ်းထောင်တွေထဲကို ဝင်ရောက်လည်ပတ်ခွင့် မရှိပေမယ့်လည်း တချို့ ကိစ္စရပ်တွေမှာ ကုလသမဂ္ဂရဲ့ လက်အောက်ခံအဖွဲ့အစည်း ဖြစ်တဲ့အတွက် ကိုယ်စားပြုအနေနဲ့ လက်ခံဆောင်ရွက်ပေးနိုင်တဲ့ ကိစ္စရပ်တွေရှိတယ်။ အဲဒီတော့ အစောကပြောသလိုမျိုး ပျောက်နေတဲ့သူတွေရှိတယ်၊ အိမ်ပြန် မရောက်သေးတဲ့သူတွေရှိတယ်၊နောက်ပြီးတော့ သေဆုံးတယ်လို့ သတင်းသန့်သန့်ကြားရတဲ့သူတွေ ရှိတယ်၊ အဲဒီလိုကိစ္စရပ်တွေမှာ သတင်းပို့တဲ့အခါမှာလည်း ကျွန်တော်တို့ ဖက်ကနေပြီးတော့ ဘယ်နေ့ဘယ်ရက်မှာ ဘယ်လိုပျောက်ဆုံး သွားတယ်၊ ဒါမှမဟုတ်လို့ရှိရင်လည်း ဘယ်သူတွေကနေပြီးတော့ ဘယ်လိုဖမ်းဆီးသွားတယ်ဆိုတာတွေကို အတိအကျသတင်းပို့နိုင်ဖို့တော့ လိုပါတယ်။ "

ဒီလို သတင်းပေးပို့ရုံနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက ချက်ခြင်းကိုပဲ တခုခုလုပ်နိုင်လာမှာတော့ မဟုတ်ပါဘူးတဲ့၊ ဒါပေမယ့် ဒါဟာ လုပ်ဆောင်လို့ရတဲ့ ပထမဆုံးအဆင့်ဖြစ်တယ်လို့ ဆိုပါတယ်။ နိုင်ငံတွင်း တရားစီရင်ရေးစနစ်ကလည်း လူထုကို ဥပဒေကြောင်းအရမှန်မှန်ကန်ကန် အကာအကွယ်ပေးနိုင်တာမျိုးမရှိ၊ နိုင်ငံတကာအဖွဲ့အစည်းတခုခုကလည်း ချက်ခြင်းအရေးယူနိုင်တာမျိုးမရှိဆိုတော့ လုပ်နိုင်တာက ဒီလို သတင်းပေးပို့ရုံ သက်သက်ပါပဲလား၊ နိုင်ငံတကာ ရာဇဝတ်တရားခုံရုံး (ICC)၊ နိုင်ငံတကာ တရားစီရင်ရေးခုံရုံး (ICJ)တို့လို အဖွဲ့အစည်းတွေကရော အရေးယူ လုပ်ဆောင်နိုင်ပါသလား၊ မြန်မာနိုင်ငံလို အခြေအနေမျိုးမှာ ဘယ်လိုရှိပါသလဲဆိုတော့ ဒီကိစ္စဟာ အချိန်ကြာကောင်း ကြာနိုင်ပေမယ့် မဖြစ်နိုင်တဲ့ကိစ္စတော့ မဟုတ်ပါဘူးတဲ့။

"အပြည်ပြည်ဆိုင်ရာ ပြစ်မှုဆိုင်ရာ တရားရုံး (ICC)တို့ (ICJ)တို့ကို တိုင်မယ်ဆိုလို့ရှိရင် တိုင်ကြတဲ့သူတွေဖက်က တိုင်ကြတဲ့ကိစ္စကလည်းမှန်တယ် သူတို့ဖက်က လေ့လာတွေ့ရှိတဲ့ အချက်တွေအရလည်း ဒီလိုချိုးဖောက်မှုတွေရှိနေတယ်၊ လူသားမဆန်တဲ့ ပြုမူမှုတွေရှိတယ်ဆိုတာကို အတိအကျသိလာရပြီဆိုရင်တော့ ဒါတွေဟာ ဖြစ်လာနိုင်ပါတယ်။ အခု အခြေအနေတွေက အရင်နဲ့မတူဘဲ ပြောင်းလဲလာတာတွေရှိတယ်လေ။ ဥပမာဆိုပါတော့ ကျွန်တော်တို့ Total ကိုတရားစွဲတဲ့ ကိစ္စရပ်တွေမှာ အရင်တုန်းက လက်မခံဘူး။ အခုနောက်ပိုင်း လက်ခံလာတာတွေရှိတယ်။ နောက်ပြီးတော့ ဒီလို အဖွဲ့ဝင်နိုင်ငံ တော်တော်များများကလည်း ပြီးခဲ့တဲ့လအတွင်းမှာ ဖြစ်ခဲ့တဲ့ စစ်တပ်က ဖြိုခွင်းမှုတွေကို လက်ဝါးထင်ထင်တွေ့မြင်ထားပြီးသားဖြစ်တယ်။ နိုင်ငံတကာရဲ့ ပံ့ပိုးကူညီမှုတွေ ကျွန်တော်တို့ အများကြီးလိုတာပေါ့လေ။ စာနာမှုလည်း အများကြီးလိုတာပေါ့။ ဖြစ်တော့ဖြစ်လာနိုင်ပါတယ်။ "

တကယ်လို့ တိုင်ကြားမှုကလည်းမှန်ကန်မယ်၊ နိုင်ငံတကာတရားခုံရုံးတွေကလည်း လက်ခံပြီးတော့ စုံစမ်းစစ်ဆေးမယ်၊စစ်ဆေးတွေ့ရှိချက်တွေအရလည်း လူ့အခွင့်အရေးချိုးဖောက်မှုတွေ၊ လူသားဖြစ်မှုကို ဆန့်ကျင်ကျူးလွန်တဲ့ ပြစ်မှုတွေ ကျူးလွန်ထားတယ်ဆိုတာ ခိုင်လုံမယ်ဆိုရင် နိုင်ငံတကာတရားရုံးတွေကနေ ဖမ်းဆီးတာတွေ လုပ်လို့ရပါတယ်လို့လည်း ဦးမင်းလွင်က ပြောပါတယ်။

"ခေါင်းဆောင်တွေ ခရီးသွားလာတဲ့အခါမှာ သူတို့ရောက်ရှိတဲ့ နိုင်ငံတွေ– ဥပမာ အာရှမှာဆိုရင် (ICC)ကို လက်မှတ်ထိုးထားတဲ့နိုင်ငံ ၆နိုင်ငံရှိတယ်။ ကမ္ဘောဒီးယားနိုင်ငံ၊ ဂျပန်၊ ကိုရီးယား၊ အာဖဂန်နစ္စတန်၊ မွန်ဂိုးလီးယား နဲ့ တီမောလ်နိုင်ငံတွေပေါ့လေ။ အဲ့ဒီနိုင်ငံတွေကို သူတို့ ရောက်လာတယ် ဆိုလို့ရှိရင် ဒီနိုင်ငံတွေမှာရှိတဲ့ အစိုးရတွေကနေ စစ်အာဏာရှင်တွေကို ဖမ်းပြီးတော့ သက်ဆိုင်ရာတရားရုံးတွေကို လွှဲပြောင်းပေးဖို့ ဆောင်ရွက်နိုင်တယ်ဆိုတာကို ကျွန်တော်တို့ လေ့လာတွေ့ရှိရပါတယ်။ "

လက်ရှိ မြန်မာပြည်တွင်းကအခြေအနေတွေနဲ့ပတ်သက်ပြီး လူ့အခွင့်အရေးကောင်စီမှာ အရေးပေါ်အစည်းအဝေးခေါ်ပြီး ဆွေးနွေးခဲ့ပါသေးတယ်။ မြန်မာစစ်အစိုးရရဲ့လုပ်ရပ်ဟာ နိုင်ငံတကာတရားရုံးကို တင်ပြီးတော့ စစ်ဆေးမယ်ဆိုရင်တောင် အပြစ်ကနေ ကင်းလွတ်ဖွယ်ရာ အကြောင်းမရှိဘူးလို့ လူ့အခွင့်အရေးကော်မရှင်နာမင်းကြီး လူးဝစ္စအာဘာက အဲဒီအစည်းအဝေးမတိုင်ခင်မှာပြောကြားခဲ့ဖူးကြောင်းပါခင်ဗျား။ ■

---

# ဗိုလ်ချုပ်စိုးဝင်း ဈာပနအခမ်းအနားသို့ ကြွရောက်တော်မူကြသော ဆရာတော်များ

***ရွှေခမောက်၊၁၄ အောက်တိုဘာလ၊၂၀၀၇***

၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ (၁၄)ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာဒုံတပ်မတော်ဆေးရုံကြီးရှိ ငြိမ်း အေးဇရပ်၌ ကျင်းပသော စိုးဝင်း၏ ဈာပနအခမ်းအနားသို့ ကြွရောက်တော်မူကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှ ဆရာတော်များ . . .

(၁) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် ရောဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ စျေးကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဩသဓာဘိဝံသ၊

(၂) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိ၊

(၃) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့ ပုဗ္ဗာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂ မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တေဇဝန္တ၊

(၄) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ တိလောကာဘိဝံသ၊

(၅) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင်ဆရာတော် မွန်ပြည်နယ် ရေးမြို့ ဖာလဇေတဝန်ကျောင်း ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတဘဒ္ဒန္တ ကုန္ဒသီရိ၊

(၆) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် မကွေးတိုင်း ပခုက္ကူမြို့ မဟာဝိဇယာရာမအရှေ့တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ နေမိန္ဒ၊

(၇) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ဓမ္မသီတဂူအေးရွာကျောင်း ဆရာတော်အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိသုတ၊

(၈) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် မန္တလေးတိုင်း စဉ့်ကိုင်မြို့ ရေချမ်းအိုးကျောင်း ဆရာတော် အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တ ခေမာဝံသ၊

(၉) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ပဲခူးတိုင်း (အရှေ့ပိုင်း) တောင်ငူမြို့ မြစည်းခုံစာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ပဏ္ဍာဝံသ၊

(၁၀) နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော် စစ်ကိုင်းတိုင်းမင်းကင်းမြို့ကန်တော်ပရိယတ္တိစာသင်တိုက် ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တတိလောက။ ■

## န အ ဖ မှ အကြမ်းဖက်ဝင်ရောက်ခဲ့သော ဘုန်းတော်ကြီးကျောင်းများ

*ရွှေခမောက်၊၁၄ အောက်တိုဘာလ၊၂၀၀၇*

စစ်အုပ်စုမှ အကြမ်းဖက်ဝင်ရောက်စီးနင်းပြီး သံဃာတော်များအား ရိုက်နှက်သတ်ဖြတ်ဖမ်းဆီးခြင်းပြုခဲ့သည့် ရန်ကုန်မြို့မှ ကျောင်းတိုက်များ . . .

(၁) တောင်ဥက္ကလာပမြို့နယ်မှ ငွေကြာယံပရိယတ္တိစာသင်တိုက်၊
(၂) တောင်ဥက္ကလာပမြို့နယ်မှ ဓမ္မဇေယျကျောင်းတိုက်၊
(၃) တောင်ဥက္ကလာပမြို့နယ်မှ ရွှေတောင်မော်ကျောင်းတိုက်၊
(၄) တောင်ဥက္ကလာပမြို့နယ်မှ စတိလရာမကျောင်းတိုက်၊
(၅) တာမွေမြို့နယ်မှ ဓမ္မသုခကျောင်းတိုက်၊
(၆) ရန်ကင်းမြို့နယ်မှ မိုးကောင်းကျောင်းတိုက်၊
(၇) သင်္ဃန်းကျွန်းမြို့နယ်မှ မဂ္ဂင်ကျောင်းတိုက်၊
(၈) သင်္ဃန်းကျွန်းမြို့နယ်မှ ကျောက်စာတော်အရှေ့ကျောင်းတိုက်၊
(၉) သင်္ဃန်းကျွန်းမြို့နယ်မှ ပညာတံခွန်ကျောင်းတိုက်၊
(၁၀) သင်္ဃန်းကျွန်းမြို့နယ်မှ ဓမ္မဝေပုလ္လကျောင်းတိုက်၊
(၁၁) သင်္ဃန်းကျွန်းမြို့နယ်မှ ရွှေကျင်တိုက်သစ်ကျောင်းတိုက်၊
(၁၂) ပိုလ်တထောင်မြို့နယ်မှ မင်္ဂလာရာမကျောင်းတိုက်၊
(၁၃) ပိုလ်တထောင်မြို့နယ်မှ ပညာရာမိကကျောင်းတိုက်၊
(၁၄) ဗဟန်းမြို့နယ်မှ သာသနာ့သိပ္ပံကျောင်းတိုက်၊
(၁၅) ပိုလ်တထောင်မြို့နယ်မှ သာသနာ့ဂုဏ်ရည်ကျောင်းတိုက်၊
(၁၆) ဒဂုံအရှေ့ပိုင်းမြို့နယ်မှ တက္ကသိလာဇေယျသိဒ္ဓိပဋ္ဌာန်းကျောင်းတိုက်၊
(၁၇) မြောက်ဥက္ကလာပမြို့နယ်မှ သီရိဇေယျာကျောင်းတိုက်၊
(၁၈) မြောက်ဥက္ကလာပမြို့နယ်မှ ပဏ္ဍိစရာမကျောင်းတိုက်



## လူငယ်များအနေဖြင့် အမျိုးဘာသာ သာသနာကို ကာကွယ်ရန် အဆင်သင့်ရှိ

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

နအဖ အာဏာပိုင်တွေက သတ်ဖြတ် ဖိနှိပ်ပြီး သံဃာနဲ့ ကျောင်းသား ပြည်သူတွေကို နှိပ်ကွပ်ထားပေမဲ့ မြန်မာလူငယ်တွေဟာ အမျိုးဘာသာ သာသနာကို ကာကွယ်ဖို့အတွက် အသင့်ပြင်ထားတယ်လို့ ရန်ကုန်မြို့မှာ ဆန္ဒပြပွဲတွေကို ဦးဆောင်ခဲ့တဲ့ လူငယ်တဦးက ဒီကနေ့ ပြောဆိုလိုက်ပါတယ်။ ရတဲ့အခြေအနေမှာ ရတဲ့နည်းနဲ့ အမျိုးဘာသာ သာသနာရေးကို လုပ်ဆောင် သွားမယ်လို့ သူနဲ့ ဒီဗွီဘီက ဆက်သွယ် မေးမြန်းစဉ် ပြောဆိုခဲ့တာ ဖြစ်ပါတယ်။

"ကျနော်တို့လူငယ်တွေ အကုန်လုံးကတော့ လက်ရှိအနေအထားအပေါ်မှာ အဆင်သင့်အနေအထားနဲ့ သတိနဲ့ စောင့်ကြည့်နေတယ်။ တခုခုပေါ့နော်။ တစုံတခုအတွက်ကို ကျနော်တို့ အမြဲတမ်းစောင့်ကြည့်နေတယ်။ ဘာဆက်လုပ်မလဲ အထူးသဖြင့် ကျနော်တို့အားလုံးက စိတ်ဝင်တစားနဲ့ သတိကြီးကြီးနဲ့ စောင့်ကြည့်နေတယ်။ ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖရဲ့ ဒိုင်ယာလော့ ကိစ္စပေါ့နော်။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဒိုင်ယာလော့ကိစ္စ၊ ကျနော်တို့ ဘယ်လောက်အထိ သတိကြီးကြီးထားကြည့်နေလဲဆိုလို့ရှိရင်၊ ဥပမာ ဗိုလ်မှူးကြီးသန့်ရှင်းပြည်ထောင်စု မြန်မာနိုင်ငံဆိုတဲ့ အသုံးအနှုန်းတွေ ပြောင်းလဲတာက အစပေါ့နော်။ ဘာလဲ ဘယ်လဲဆိုတာမျိုး သတိနဲ့ စောင့်ကြည့်နေတယ်။ အမြဲတမ်းသတိထားကြည့်နေတယ်။ နောက် ကျနော်တို့ အချင်းချင်းကြားထဲ မှာလဲ အဆက်အသွယ် မပြတ်ကြဘူးပေါ့နော်။ ဘယ်လိုလဲ ဘာလုပ်ကြမလဲ ဆိုတာမျိုး အမြဲတမ်း ဆွေးနွေးမှုတော့ရှိပါတယ်။"

ဒီဗွီဘီ ။ ။ အဲဒါ ရှိတယ်ဆိုတာက၊ အရင် ဒီလိုမျိုး ဘုန်းကြီးတွေကို ရိုက်နှက် ဘာညာပြဿနာမတက်ခင်မှာနဲ့ အခုအခြေအနေမှာနဲ့ အရင်တုန်းက ရှိတာလား၊ အခုမှရှိတာလား။

"အရင်တုန်းကလဲ ရှိပါတယ်။ အခုနောက်ပိုင်း ပိုပြီးတော့ ရှိတာပေါ့နော်။ အခု နောက်ပိုင်းတော့ ကျနော်တို့ မြန်လဲမြန်လာတယ်။ တိလဲတိကျလာတယ်။ ပိုပြီးတော့လဲ ဒီထက်ပို စိတ်ဝင်တစား အများကြီးရှိလာတာပေါ့နော်။ အများကြီးဖြစ်လာကြတာပေါ့။"

ဒီဗွီဘီ။ ။ ဟုတ်ကဲ့ပါ။ ဘာလို့ဆိုတော့ အခုဟာက ကိုမင်းကိုနိုင်တို့ကို အရင်ကတည်းက ဖမ်းလိုက်ပြီးပြီ။ ဒါပေမဲ့ ကိုမင်းကိုနိုင်တို့ ဖမ်းလိုက်ပေမဲ့ ဒီနေ့ ဖမ်းတဲ့အချိန်မှာပဲ နောက်နေ့ကျတော့ ဆန္ဒပြပွဲကြီးတွေ ထပ်ဖြစ်လာတယ်။ အခုဟာ ခေါင်းဆောင်တွေ ဖမ်းတာလဲ ကုန်သလောက်ရှိပြီ။ ဒါပေမဲ့ ခေါင်းဆောင်တွေ ဘယ်လိုပဲဖမ်းထားဖမ်းထား ဆန္ဒပြပွဲတွေ ဖြစ်လာတာပဲ။ အခုဟာက ကိုဌေးကြွယ်တို့ ဖမ်းသွားဘာညာနဲ့ ဆိုတော့ ကျောင်းသားအင်အားစုတွေလဲ ခေါင်းဆောင် တော်တော်မရှိသလောက် ဖြစ်နေပြီ။ အဲဒီအချိန်မှာ လူငယ်တွေက ဘယ်လိုရှိလဲ၊ ခေါင်းဆောင်တွေက ရှိသေးလားပေါ့၊ ဘာတွေ ဆက်လုပ်မလဲ။

"အာအစ်ကို အဲဒီဟာနဲ့ ပတ်သက်ပြီးတော့ လုံးဝစိတ်မပူပါနဲ့ ကျနော်တို့ ဗမာလူငယ်၊ ဗမာကျောင်းသားတွေဟာ အရဆကသအဲ့က ကိုယ့်ကိုယ်ကို ခေါင်းဆောင်ကြတယ်။ ကိုယ့်ကိုယ်ကို တာဝန်ယူကြတယ်။ ကိုယ့်ကိုယ်ကို ခေါင်းဆောင်ကြတယ်။ စည်းကမ်းရှိဖို့ ကြိုးစားကြတယ်။ အဲဒီအတွက်တော့ မပူကြပါနဲ့။"

ဒီဗွီဘီ။ ။ ဒါဆိုရင် လူတိုင်းဟာ ကြုံလာမယ်ဆိုလို့ရှိရင် ခေါင်းဆောင်နိုင်မှု အရည်အချင်းတွေ မွေးထားတယ်။ လေ့လာထားတယ်။ ပြင်ဆင်ထားတယ် အဲဒီ သဘောလား။

"ဟုတ်ကဲ့ခင်ဗျ ကျနော်တို့မှာ အဲဒီဟာတွေ အမြဲတမ်းရှိနေပါတယ်။ အဓိက ကျနော်တို့ ဘာလုပ်တယ်။ ဘာကိုင်တယ်ဆိုတာ ကျနော်တို့ကိုယ် ကျနော်တို့ အမြဲ တမ်းတာဝန်ယူပါတယ်။ ဒါကြောင့်မို့ ကိုယ့်ကိုယ်ကို အမြဲတမ်း ခေါင်းဆောင်ကြတယ်။ ဒီပုဂ္ဂိုလ်ကြီးတွေ အစ်ကိုကြီးတွေ အစ်မကြီးတွေကို ဖမ်း သွားလို့ ကျနော်တို့မှာ ခေါင်းဆောင်မရှိဘူးဆိုတာ မဟုတ်ပါဘူး။

အဲဒီအတွက်လဲ စိတ်မပူနဲ့ အဓိကလမ်းစဉ်က သူတို့ကိုယ်တိုင်က ဘာလိုချင်တာလဲ ဆိုတော့၊ ကျနော်တို့ ဗမာလူငယ်တွေဟာ မိမိကိုယ်ကို မိမိ တာဝန်ယူနိုင်ဖို့၊ မိမိကိုယ်ကိုမိမိ ခေါင်းဆောင်နိုင်ဖို့၊ ဒါ ဒေါ်အောင်ဆန်းစုကြည်၊ ကိုမင်းကိုနိုင်၊ ကိုဌေးကြွယ်တို့ ဒါကို အမြဲတမ်းလိုလားပါတယ်။ ဆိုလိုချင်တာ မိမိရဲ့ ရသင့်ရထိုက်တဲ့အခွင့်အရေး မိမိကိုယ်တိုင်လုပ်မှ မိမိကိုယ်တိုင် ကြိုးစားမှ ရမယ်ဆိုတာ ကျနော်တို့ ဗမာလူငယ်တွေကောင်းကောင်း သဘောပေါက်တယ်။ အဲဒီလို သဘောပေါက်အောင် ဒေါ်အောင်ဆန်းစုကြည်တို့၊ ကိုမင်းကိုနိုင်တို့၊ ကိုကိုကြီးတို့၊ ကိုဌေးကြွယ်တို့၊ အများကြီးကြိုးစားခဲ့ကြတယ်။ သူတို့ကိုယ်တိုင်လဲ ရှေ့ဆောင်လမ်းပြ လုပ်ခဲ့ကြတယ်ပေါ့နော်။ ကျနော်တို့ ဗမာလူငယ်တွေ အကုန်လုံး ကလဲ အဲဒီနောက်မှာ အမြဲတမ်းရှိနေပါတယ်။"

ဒီလို လူငယ်တွေက ဆန္ဒတွေရှိပြီး တခုခုလုပ်ဖို့ ပြင်ဆင်နေကြတာကို စစ်အစိုးရကလဲသိရှိပြီး ဖမ်းဆီးမှုတွေကို နေ့စဉ်လုပ်ဆောင်နေပေမဲ့ လူငယ်တွေ ကလဲ တပိုလ်ကျ တပိုလ်တက်စနစ်နဲ့ နည်းမျိုးစုံသုံးပြီး လုပ်ဆောင်သွားဖို့ ရှိနေကြ ကြောင်းလဲ ရန်ကုန်နဲ့ မန္တလေးလူငယ်တွေက ဒီဗွီဘီကို ပြောပြသွားကြပါတယ်။ ■

---

## နအဖဝန်ကြီးချုပ် ဈာပနကို နိုင်ငံတော် အခမ်းအနားနှင့် ကျင်းပ၊ အလံတိုင်တဝက် လွှင့်ထူ

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ ဈာပန အခမ်းအနားကိုတော့ ဒီကနေ့ နေ့လည် (၂) နာရီက မင်္ဂလာဒုံ စစ်သင်္ချိုင်းမှာ နိုင်ငံတော်အခမ်းအနားနဲ့ ကျင်းပခဲ့ပါတယ်။ လုံခြုံရေးတွေ တင်းကျပ်ထားတဲ့ကြားမှာ မိုးသည်းထန်စွာရွာခဲ့လို့ စည်စည်ကားကား မရှိခဲ့ဘူးလို့ မျက်မြင်တွေက ပြောပါတယ်။ မိုးတွေရွာနေလို့ နအဖ ထိပ်ပိုင်းခေါင်းဆောင်တွေ ဘယ်သူတွေတက်မှန်းလဲ မသိရဘူးဆိုပါတယ်။

အမည်မဖော်လိုသူ စစ်ဖက်အရာရှိတဦးကတော့ ဗိုလ်ချုပ်ကြီးစိုးဝင်း သေဆုံးတဲ့အပေါ် ဝမ်းနည်းခြင်း အထိမ်းအမှတ်ဆိုပြီး နိုင်ငံတော်အလံကို အခုလ (၁၂)ရက်နေ့ကနေ (၁၄)ရက်နေ့ ဒီကနေ့ထိ (၃)ရက်တာ တိုင်ဝက်လွှင့်ထူဖို့ နအဖ တပ်ရင်းတပ်ဖွဲ့တွေကို စစ်ရုံးချုပ်ကနေ ညွှန်ကြားခဲ့ကြောင်း ပြောပါတယ်။ အလံတိုင်ဝက် မလွှင့်ထူတဲ့ တပ်ရင်းတပ်ဖွဲ့တွေကို ပြင်းပြင်းထန်ထန် အရေးယူမယ် လို့လဲ အဲဒီညွှန်ကြားချက်မှာ ဖော်ပြထားတယ်လို့ ဆိုပါတယ်။

ဒီကနေ့ နအဖပိုင် သတင်းစာမှာလဲ ကြေညာချက် အမှတ် (၄) ဆိုပြီး အခုလ (၁၂) ရက်ကနေ့ ဒီကနေ့အထိကို ဝမ်းနည်းခြင်း အထိမ်းအမှတ် သတ်မှတ် ကြောင်းနဲ့ အလံတိုင်ဝက် လွှင့်ထူဖို့ ဖော်ပြထားပါတယ်။ စစ်ရုံးနဲ့နီးစပ် သူတွေက တော့ ဒီကြေညာချက်ကို နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအမိန့်နဲ့ ထုတ်ပြန် တယ်ဆိုပါတယ်။ သူခိုင်းတာကို တသွေမတိမ်း လိုက်နာဆောင်ရွက်ရင် သေဆုံးရင် တော့ ဂုဏ်ပြုခံရမယ်ဆိုတာကို အောက်ခြေ တပ်ရင်းတပ်ဖွဲ့အားလုံးကို သတိပေး တဲ့ သဘောလို့လဲ သူတို့က သုံးသပ်ပါတယ်။ ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ နအဖဥက္ကဋ္ဌ ရဲ့ ခိုင်းစေချက်အတိုင်း ဒီပဲယင်းအကြမ်းဖက် သတ်ဖြတ်မှုကို ဦးဆောင်ကျူးလွန်ခဲ့သူ တဦးဖြစ်လို့ ဒီပဲယင်း သားသတ်သမားလို့ နာမည်ရခဲ့သူဖြစ်ပါတယ်။ အခုလို ဒီပဲယင်း သားသတ်သမားလို့ နာမည်ရခဲ့သူအပေါ် ဝမ်းနည်းခြင်း အထိမ်းအမှတ် ကာလသတ်မှတ်တဲ့အပေါ် ရန်ကုန်မြို့ခံ တဦးကတော့ အခုလို သူ့အမြင်ကို ပြောပြခဲ့ပါတယ်။

"စိုးဝင်းကို လူထုက ဘယ်လောက် မနှစ်သက်လဲဆိုတဲ့ အခါကျ တော့ သူတို့တွေ ရဝတ အချင်းချင်းကတောင် မနှစ်သက်တဲ့အတွက် ရဝတ ရုံးတွေမှာ တောင် အခုအချိန်အထိ အလံတိုင်တောင်မှ မလွှင့်သေးဘူး။ ကျနော်တို့ ဗမာပြည်မှာ ဗိုလ်ချုပ်အောင်ဆန်း သေဆုံးသွားတဲ့ (၁၉) ဇူလိုင်ကို အာဇာနည် မကျင်းပတာကိုက လူထုပါဝင် မကျင်းပတာကို နှစ်ပေါင်း များစွာကြာပြီဗျ။ အဲဒီအချိန်မှာသူတို့ကနေ အခုလိုမျိုး ဒီပဲယင်း လူသတ် တရားခံကြီး တယောက်ရဲ့ ဈာပနကို ခမ်းခမ်းနားနားကြီး ကျင်းပတဲ့ အခါ ကျတော့ လူထုက ဘယ်လိုလုပ် ကျေနပ်မလဲ။ တပ်မတော်အတွက်က ဒီလူသတ်တရားခံကြီးတယောက်ရဲ့ ဈာပနကို ခမ်းခမ်းနားနားကြီး ကျင်းပတယ်။ တပ်မတော်ကြီးကတော့ ဘယ်လိုမှ မကောင်းတော့ဘူး ပေါ့။" ရန်ကုန်မြို့ခံတဦး ပြောပြခဲ့တာပါ။

ထိုင်းနိုင်ငံ အခြေစိုက် ပြည်ထောင်စု မြန်မာနိုင်ငံတော် အမျိုးသားကောင်စီ ပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိဏ်းကလဲ လူသတ်မှုတရား ခံကို နိုင်ငံတော် အခမ်းအနား ကျင်းပပေးတာဟာ လက်ခံနိုင်စရာမရှိဘူး လို့ အခုလို ပြောပြခဲ့ပါတယ်။ "ဗိုလ်ချုပ်စိုးဝင်းဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဒီပဲယင်း တုန်းကမှ အကြမ်းဖက်ပြီးတော့ လူသတ်ခဲ့တဲ့။ လူသတ်သမား။ ဒီရာဇဝတ် ပြစ်မှုကြီးကို သူကျူးလွန်ခဲ့တဲ့ လူသတ်သမား တယောက်ဖြစ်တယ်ဆို တာဟာ ဒီပဲယင်း အရေးခင်းမှာ ပါဝင်ခဲ့တဲ့ သူတွေကိုရော မြန်မာနိုင်ငံ အတွင်းမှာရှိတဲ့ သူတွေကိုရော တကမ္ဘာလုံးမှာရှိတဲ့ ဒီအခြေအနေတွေ ကိုလေ့လာ စောင့်ကြည့်တဲ့ သူတွေကိုရော ရှင်းရှင်းလင်းလင်း ကျနော်တို့ သိထား လက်ခံထားပြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒါက တချက်ပါ။ အလံ တဝက်ထူဖို့ ညွှန်ကြားချက်ပေးတယ်ဆိုတာ သူတို့ ရူးတာပဲ ဖြစ်တယ်။ အဲဒီတော့ အဲဒီကိစ္စဟာ လုံးဝ မလုပ်သင့်တဲ့ ကိစ္စ။ လက်ခံစရာလဲ မရှိတဲ့ကိစ္စ။ ဥပဒေနဲ့ မညီညွတ်သလို အခုနတုန်းက ဒီပဲယင်းကိစ္စကို ပြန်ပြောရမယ်ဆိုရင် ဒီပဲယင်းကိစ္စမှာ တကယ်ခံရတဲ့ သူတွေကို တရားလို ကို တရားခံဖြစ်အောင် ဖန်တီးပြီးတော့ ဒီနေ့အထိ အကျဉ်းထောင်ထဲမှာ နည်းမျိုးစုံနဲ့ ကျနော်တို့ ဖိနှိပ်ပြီးတော့ နှိပ်ကွက်ထားတယ်။ အဲဒီတော့ မှန်ကန်တဲ့ သူတို့ရဲ့ ခံစားချက်တွေနဲ့ သူတို့အပေါ်မှာ ကျူးလွန်ထားတဲ့ ပြစ်မှုတွေကို သူတို့အနေနဲ့ မှန်မှန်ကန်ကန် ရင်ဆိုင်ဖြေရှင်းနိုင်တဲ့ အခွင့် အလမ်းတွေကို လုံးဝပိတ်ပင်ထားတာ ဖြစ်တယ်။ ဆိုတော့ အဲဒီ အခြေ အနေမှာ ဝန်ကြီးချုပ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ တရားခံတဦးဖြစ်ပါတယ်။

တရားခံတဦးဖြစ်တဲ့အတွက် တရားခံတဦးဟာ နိုင်ငံခေါင်း ဆောင်အဖြစ်နဲ့ အခုလိုမျိုး အလေးအနက်ထား ဂုဏ်ပြုလုပ်တယ်ဆိုတဲ့ ကိစ္စဟာ လုပ်မယ်ဆိုတဲ့ ကိစ္စဟာကျနော်တို့အနေနဲ့တော့ လုံးဝမှားယွင်း တဲ့ ကိစ္စဖြစ်တယ်။ လက်လဲ လက်ခံလို့ ဘယ်လိုမှရမဲ့ ကိစ္စမဟုတ်ဘူးလို့ ကျနော်အနေနဲ့တော့ အလေးအနက် အခိုင်အမာကို ပြောချင်ပါတယ်။ ပြည်ထောင်စု အမျိုးသားကောင်စီပြောခွင့်ရပုဂ္ဂိုလ် ဦးမြင့်သိန်း ပြောပြခဲ့ တာပါ။■

---

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

## အေအိုင်ဒီအက်စ် ဝေဒနာသည်များကို ကူညီခဲ့သူ ကိုကျော်ကျော်နိုင်ကို သရက်ကနေ အင်းစိန်ထောင်သို့ပို့

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

မကွေးတိုင်းအတွင်း အိတ်ချ်အိုင်ဗီ အေအိုင်ဒီအက်စ် ရောဂါသည်တွေကို အကူအညီပေးခဲ့တဲ့ ပခုက္ကူခရိုင် မြစ်ခြေမြို့က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မြို့နယ် စည်းရုံးရေးကော်မီတီဝင် ကိုကျော်ကျော်နိုင်ကို သရက်ထောင်မှာ ချုပ်နှောင်ထားတဲ့သတင်း ဒီဗွီဘီက ထုတ်လွှင့်ခဲ့ပြီး ဖြစ်ပါတယ်။

အခုအခါ ကိုကျော်ကျော်နိုင်ကို သရက်ထောင်ကနေ အင်းစိန်ထောင်ဆီ ပို့ဆောင်လိုက်ပါပြီ။ ကိုကျော်ကျော်နိုင်ကို ပြီးခဲ့တဲ့ အောက်တိုဘာ (၁၂)ရက် သောကြာနေ့ မွန်းလွဲ (၂)နာရီလောက်က ဟိုင်းလတ်ကား အဖြူရောင် နံပါတ်(၃)က (၁၅၀၁)နဲ့ သရက်နေ ရန်ကုန်ကို တဦးတည်း ပို့ဆောင်လိုက်တယ်လို့ မျက်မြင်သက်သေတွေက ပြောပြကြပါတယ်။ သရက်ခရိုင်အက်စ်ဘီအရာရှိ ဦးဖြေအောင်နဲ့ ရဲသား (၆)ယောက်က သူ့ကို စောင့်ကြပ်ခေါ်ဆောင်သွားတယ်လို့လဲ သရက်ရဲတပ်ဖွဲ့ဝင်တဦးက ပြောပါတယ်။

အခုဆိုရင် ပခုက္ကူခရိုင်အတွင်းကနေ ဖမ်းဆီးပြီး သရက်ထောင်မှာ ချုပ်နှောင် ထားသူ (၂၉)ယောက်ရှိနေပါတယ်။ ဒီအထဲက ကိုကျော်ကျော်နိုင်ကို တဦးထဲရွေးပြီး အင်းစိန်ကို ပို့လိုက်တာဟာ ထူးခြားနေတယ်လို့ အဆိုပါရဲတပ်ဖွဲ့ဝင်က ပြောပြပါတယ်။ ကိုကျော်ကျော်နိုင်ဟာ မကွေးတိုင်းအတွင်းရှိ အေအိုင်ဒီအက်စ် ဝေဒနာသည်တွေကို ဆေးရရှိရေး၊ ရိက္ခာရရှိရေးကိစ္စတွေမှာ ကူညီနေခဲ့သူ တဦးဖြစ်ပါတယ်။ ဩဂုတ်လတုံးကဆိုရင် မကွေးတိုင်း၊ ကုလသမဂ္ဂ စားနပ်ရိက္ခာရုံးရှေ့မှာ ဝေဒနာသည်တွေ ရိက္ခာရရှိရေးအတွက် တကိုယ်တော်ဆန္ဒပြခဲ့လို့ အဖမ်းခံခဲ့ရဘူးပါတယ်။ အခုလို တယောက်ထဲခွဲပို့လိုက်တာဟာ ဒီကိစ္စတွေနဲ့ ပတ်သက်လို့လား။ ဒါမှမဟုတ် (၈၈)မျိုးဆက်ကျောင်းသားတွေနဲ့ ပါတ်သက်လို့လားဆိုပြီး သရက်ထောင်အတွင်း ဝေဖန်ပြောဆိုနေကြကြောင်းလဲ အဆိုပါ ရဲဝန်ထမ်းက ပြောပြသွားပါတယ်။

ခုအခါ ဆန္ဒပြပွဲတွေနဲ့ ပါတ်သက်လို့ ဖမ်းဆီးထားသူ (၆၀၀၀)ခန့်ရှိနေပြီး ထပ်မံ ဖမ်းဆီးမှုတွေလဲ ရှိနေပါတယ်။ ခုလို ထောင်ပြောင်းတာတွေ၊ ထောင်တွင်း ရိုက်နှက်စစ်ဆေးလို့ ကျန်းမာရေး ဆိုးဝါးနေတာတွေ အများအပြားဖြစ်ပေါ်နေပြီး တချို့ဆိုရင် ရိုက်နှက်စစ်ဆေးလို့ သေဆုံးတာတွေ တောင်ရှိနေတယ်လို့ စုံစမ်းသိရှိရကြောင်းပါ။■

---

## မကွေး နအဖ ညီလာခံထောက်ခံပွဲ တက်ခဲ့ရသူ အောင်လံသားတွေ မကျေနပ်ဖြစ်နေ

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

မကွေးတိုင်း မကွေးမြို့မှာ အခုလ (၇)ရက်နေ့က နအဖ ညီလာခံထောက်ခံပွဲပြုလုပ်ခဲ့ပါတယ်။ အောင်လံမြို့သားတွေကို လူတဦး ငွေကျပ် (၁၀၀၀)စီ ပေးမယ်ဆိုပြီး ဒီပွဲကို မတက်မနေရ တက်ရောက်ခိုင်းခဲ့ပေမဲ့ အခုထိ ငွေမရတဲ့အတွက် အောင်လံမြို့သားတွေ မကျေမနပ် ဖြစ်နေကြတယ်လို့ သိရပါတယ်။

ဒီအကြောင်းကို အောင်လံမြို့ စက်ရုံရပ်ကွက် ရယက အဖွဲ့ဝင်တဦး ကိုယ်တိုင်က ပြောပြခဲ့တာဖြစ်ပါတယ်။ အောင်လံ မယက ဥက္ကဋ္ဌ ဦးမြင့်ဝေကိုယ်တိုင်က လူတဦး ငွေတထောင်ပေးမယ်ဆိုပြီး ပြောခဲ့ပေမဲ့ တကယ်တန်း ငွေအားလုံးကို မပေးတော့တဲ့အတွက် ရယကတွေ ကိုယ်တိုင် ငွေမရလို့ မပေးနိုင်တာဖြစ်တယ်လို့ သူကပြောပြပါတယ်။ ဒီကိစ္စနဲ့ပါတ်သက်ပြီး အောင်လံ မယက ဥက္ကဋ္ဌ ဦးမြင့်ဝေကို မေးမြန်းဘို့ ဒီကနေ့ အောင်လံမြို့နယ် မယကရုံးကို ဆက်သွယ်မေးမြန်းခဲ့ပါတယ်။ ဒါပေမဲ့ တာဝန်ခံ ဖြေဆိုမဲ့သူ မရှိခဲ့ပါဘူး။ ဒါပေမဲ့ အောင်လံမြို့က ဆယ်ဘီးကား ပိုင်ရှင်တွေကတော့ သူတို့မြို့က ဆယ်ဘီးကား အစင်းရေ (၆၀)ကိုလဲ မကွေးစုဝေးပွဲကို လူတွေတင်ဆောင်သွားဘို့ ခုလ (၇)ရက်က ချောဆွဲခံခဲ့ရသေးတယ်လို့ ပြောပြကြပါတယ်။ မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဝေက ကားတစင်းကို စက်သုံးဆီ ဂါလ (၃၀)စီ ပေးမယ်လို့ ပြောပြီး ကားတွေကို ခေါ်ယူခဲ့ပေမဲ့အခုထိ ဆီမပေးသေးတာကြောင့် ကားသမားတွေ ဒေါသထွက်နေကြကြောင်းလဲ ကိုယ်တိုင်ပါဝင်ခဲ့သူ ကားသမားတဦးက ပြောပြပါတယ်။

အလားတူ နအဖ ညီလာခံ ထောက်ခံပွဲတွေကို အဓမ္မတက်ခိုင်းတာတွေ၊ ခြိမ်းခြောက်ပြီး တက်ခိုင်းတာတွေဟာ သရက်မြို့နဲ့ မကွေးမြို့တွေ အပါအဝင် မကွေးတိုင်း အတွင်းက မြို့ရွာတိုင်းမှာ ဖြစ်ပွားနေတယ်လို့လဲ သိရကြောင်းပါ။ ■

---

## မိုးညှင်းသံဃာနှင့် အန်အယ်လ်ဒီအဖွဲ့ဝင်များ ဟိုပင်အချုပ်တွင် ထိန်းသိမ်းထား

*သတင်းနှင့်မီဒီယာကွန်ယက်၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

စက်တင်ဘာလဆန္ဒပြမှုတွင်ပါဝင်၍ ဖမ်းဆီးခံခဲ့ရသည့် ကချင်ပြည်နယ်၊ မိုးညှင်းမြို့မှ ရဟန်းသံဃာများနှင့် အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်အဖွဲ့ဝင်များကို ဟိုပင်မြို့ ရဲစခန်းအချုပ်တွင် ထိန်းသိမ်းထားပါတယ်။

ဟိုပင်ရဲစခန်းအချုပ်တွင် မူလရှိသည့် သာမန်အချုပ်သားများကို မိုးညှင်းရဲစခန်းအချုပ်သို့ ပို့ဆောင်ပြီး ဆန္ဒပြမှုဖြင့်မိုးညှင်းမြို့တွင် ဖမ်းဆီးထားသည့်သူများကို ပြောင်းရွှေ့နေရာချထားခဲ့ခြင်းဖြစ်သည်ဟု ရဲစခန်းနှင့်နီးဆက်သူ ဟိုပင်မြို့ခံတဦးက အခုလို ပြောပါတယ်။

"ဦးဖေစိန်၊ ပြည်နယ်စည်း၊ ဒုတိယဥက္ကဋ္ဌ ဦးဖေစိန်၊ လွှတ်တော်ကိုယ်စားလှယ်ပေ့ါလေ အရင်တုန်းက လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မောင်၊ နောက်ပြီးနိုင်ငံရေးသမား ခြောက်ယောက်၊ အားလုံးပေါင်း ရှစ်ယောက်။ ဘုန်းကြီး(၁၅)ပါးရယ်။ (၂၆)ရက်နေ့ကို ဟိုပင်ရဲစခန်းရောက်လာတယ်။ မိုးညှင်းက ရောက်ခဲ့တာပါ။ အရင်တုန်းကရှိတဲ့ သာမန်ပြစ်မှု ကျူးလွန်ထားတဲ့ သူတွေကိုတော့ မိုးညှင်းကိုပို့ထားတယ်။" ဟိုပင်ရဲစခန်းအချုပ်တွင် ရောက်ရှိနေသည့် အဆိုပါ အဖမ်းခံထားရသူများနှင့် ပတ်သတ်၍ ဟိုပင်ဒေသခံက အခုဆက်လက်ပြောပြပါတယ်။

"နိုင်ငံရေးသမားတွေကတော့ အချုပ်ခန်းထဲမှာပါ။ သံဃာတော် (၁၅)ပါးကတော့ ရိပ်သာဆောင်ပေ့ါလေ၊ ရဲစခန်းရိပ်သာဆောင်မှာ ထားတယ်လို့ ကြားပါတယ်။ လောလောဆယ်တော့ သင်္ကန်းချွတ်တယ်လို့ မကြားဘူးဗျ။ အဲ့လိုမျိုးလည်း တွေ့ခွင့်မရပါဘူး" ကချင်ပြည်နယ်၊မိုးညှင်းမြို့တွင် စက်တင်ဘာလ (၂၅)ရက်နေ့ နေ့လည်ပိုင်းတွင် ပညာရောင်ခြည်ကျောင်းမှ စတင်၍ သံဃာအင်အား ခုနစ်ဆယ်ခန့်ဖြင့် မေတ္တာသုတ်ရွတ်ကာ မြို့တွင်းစီတန်းလှည့်လည် လမ်းလျှောက်ခဲ့ကြပြီး ဒေသခံနိုင်ငံရေး အသိုင်းအဝိုင်းများနှင့် ပြည်သူများက အားပေးကူညီခဲ့ကြပါတယ်။

၎င်းသံဃာတော်များဆန္ဒပြသည့်ကိစ္စနှင့်ပတ်သတ်၍ စက်တင်ဘာလ (၂၅)ရက်နေ့ ညမှာပင် ဒေသခံအာဏာပိုင်များက ဆန္ဒပြမှုတွင် ပါဝင်ခဲ့သည့် ဦးဆောင်သူများအား ဖမ်းဆီးခဲ့ခြင်းဖြစ်ပါတယ်။■

## ညီလာခံကို မထောက်ခံကြဖို့ RCSS က ရှမ်းပြည်သူကို ကြေညာ

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

နအဖကျင်းပပြုလုပ်နေတဲ့ အတုအယောင် အမျိုးသားညီလာခံကို မထောက်ခံကြဖို့ ရှမ်းပြည်ပြန်လည်ထူထောင်ရေး RCSS က ရှမ်းပြည်သူလူထုကို ကြေညာချက် ထုတ်ပြန် ပြောဆိုလိုက်ပါတယ်။

အခုလ (၁၂) ရက်နေ့စွဲနဲ့ ရှမ်းပြည်ပြန်လည် ထူထောင်ရေးRCSS ဥက္ကဋ္ဌ ဗိုလ်မှူးကြီးရွက်ဆစ် ကိုယ်တိုင် လက်မှတ်ထိုးပြီး ထုတ်ပြန် ကြေညာလိုက်တာ ဖြစ်ပါတယ်။ ဒီကြေညာချက်ကို ရှမ်းပြည်အနှံ့မှာရှိတဲ့ အပစ်အခတ်ရပ် အဖွဲ့တွေနဲ့ အဖွဲ့အစည်းအသီးသီးကိုလဲ ပေးပို့ထားတယ်လို့ ရှမ်းပြည်တောင်ပိုင်း တပ်မတော် အက်စ်အက်စ်အေ ပြောခွင့်ရသူ ဗိုလ်မှူးလောင်ဆိုင်က အခုလို ပြောပြပါတယ်။

"အရပ်သား ပြည်သူပြည်သားတွေကတော့ နအဖ အမိန့်အာဏာမလွန်ဆန်နိုင်ကြလို့ ထောက်ခံပွဲတွေကို သူတို့တက်ရောက်ရခြင်းဖြစ်တယ်ဆိုတာတော့ သေချာပါတယ်။ ဒါက ကျနော်တို့ ရှမ်းပြည်အတွင်းထဲမှာ ရှိနေကြတဲ့ အပစ်အခတ်ရပ်စဲရေးအဖွဲ့တွေ၊ နိုင်ငံရေးအသင်းအဖွဲ့တွေ၊ ငြိမ်းချမ်းရေးယူထားတဲ့အဖွဲ့တွေ အားလုံးဟာလဲ ဒီ နအဖကနေ ပြုလုပ်နေတဲ့ အန်စီကို ထောက်ခံနေတဲ့ပွဲတွေမှာ မပါဝင်ကြဖို့ ကျနော်တို့ ထုတ်ပြန်ကြေညာချက် စာတစောင် ထုတ်ပြန်ထားပါတယ်။ နအဖကနေ ဦးစီးပြီးတော့ ကျင်းပနေတဲ့ အန်စီဟာ အတုအယောင် အန်စီကြီးဆိုတာ ကျနော်တို့ အားလုံး လူတိုင်းလိုလို သဘောပေါက်ပါတယ်။

ဒီကနေ ပေါ်ထွန်းလာတဲ့ အခြေခံဥပဒေဟာလဲ ကျနော်တို့အတွက် ဘာကောင်းကျိုးတစုံတရာမှရှိမဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမဟုတ်ဘူးဆိုတာတော့ ကျနော်တို့ ပြည်သူပြည်သားအားလုံး နားလည်မှာဖြစ်ပါတယ်။ အဲတော့ အန်စီကို လုံးဝမထောက်ခံကြဖို့ ကျနော်တို့ အသိပေးပြောကြားလိုပါတယ်ခင်ဗျ။" နအဖရဲ့ အမျိုးသား ညီလာခံကို ကန့်ကွက်ကြဖို့ ရှမ်းပြည်တောင်ပိုင်း တပ်မတော် အက်စ်အက်စ်အေ ပြောခွင့်ရသူ ဗိုလ်မှူးလောင်ဆိုင်ရဲ့ ပြောကြားချက် ဖြစ်ပါတယ်။■

## ကိုလှမျိုးနောင် အာရုံကြော ထိခိုက်သွားခြင်းသည် နအဖ၌ တာဝန်ရှိ

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က နအဖ အာဏာပိုင်တွေရဲ့ ဖမ်းဆီးမှုကို ခံလိုက်ရတဲ့ (၈၈) မျိုးဆက်ကျောင်းသားခေါင်းဆောင် ကိုလှမျိုးနောင် အာရုံကြော ထိခိုက်သွားတဲ့အပေါ် နအဖအာဏာပိုင်တွေမှာ တာဝန်ရှိတယ်လို့ အင်္ဂလန်နိုင်ငံက စိတ်ရောဂါအထူးကု ဆရာဝန် ဒေါက်တာဝင်းနိုင်က ပြောဆိုလိုက်ပါတယ်။

အခုလ (၁၁)ရက်နေ့က ကိုလှမျိုးနောင်ကို နအဖ အာဏာပိုင်တွေက ဖမ်းဆီးထားစဉ်အတွင်း မျက်စိခွဲစိတ်မှုခံယူရင်း တစုံတရာအမှားအယွင်းကြောင့် အာရုံကြော ထိခိုက်သွားရတဲ့အပေါ် နအဖမှာ တာဝန်ရှိတယ်လို့ အင်္ဂလန်နိုင်ငံက ဒေါက်တာဝင်းနိုင်က အခုလို သတိပေးပြောကြားလိုက်တာဖြစ်ပါတယ်။

"ဒါကတော့ အခြေခံလူ့အခွင့် အရေးနဲ့ ဆိုင်တယ်ပေါ့နော်။ သူတို့ဖမ်းဆီးပြီးတော့ တခုခုဖြစ်သွားတယ်ဆိုလို့ရှိရင် ဒီဟာ သူတို့မှာ တာဝန်ရှိတယ်။ သူတို့လက်ထဲမှာဖြစ်သွားတာကိုး။ အခြေခံလူ့အခွင့်အရေးရပိုင်ခွင့်နဲ့ ကြည့်လို့ရှိရင် သူတို့အနေနဲ့ ဖြေရှင်းပေးရမယ်။ သူတို့မှာ တာဝန်ရှိတယ်။ ဒါကိုတာဝန်ယူရမယ်။ ဘာပဲ ဖြစ်နေနေ ဆိုးသည်ဖြစ်စေ ကောင်းသည်ဖြစ်စေ၊ ဘာပဲဖြစ်သွားသွား ဖြစ်သွားတဲ့ကိစ္စအပေါ်မှာ သူတို့အနေနဲ့ တာဝန်ရှိတယ်။ သူတို့ တာဝန်ယူဖြေရှင်းပေးရမယ်။ သူတို့ဖမ်းပြီးတဲ့နောက်မှာ ဖြစ်တဲ့ကိစ္စ အားလုံးဟာ သူတို့မှာ တာဝန်ရှိတယ်။ အဲတော့ အခြေခံလူ့အခွင့်အရေးရပိုင်ခွင့်နဲ့ ကြည့်လို့ရှိရင်သော်လည်းကောင်း ဆေးပညာအားဖြင့် ကြည့်လို့ရှိရင်သော်လည်းကောင်း ဒီကိစ္စဟာ သူတို့ ဖြေရှင်းပေးရမဲ့ကိစ္စဖြစ်တယ်။ အဆုံးစွန်အထိ ဖြေရှင်းပေးရမယ်။ နောက်ဆုံး တာဝန်ယူဖြေရှင်းပေးရမှာ ဖြစ်တယ်။ ဒီကိစ္စက အခုမှ တော်လှန်ရေးက စကာပဲရှိသေးတယ်။ တော်လှန်ရေးပြီးတဲ့အခါမှာဒီကိစ္စတွေက စကားပြောရမှာဖြစ်တယ်။

အခုလောလောဆယ် တော်လှန်ရေးစတဲ့ ညီအစ်ကို မသိတသိ အချိန်မှာတော့ ဒီလိုပဲ ပြောလို့ရမယ်။ သို့သော်လဲ တော်လှန်ရေးပြီးဆုံးသွားတဲ့အချိန်မှာ မည်သူတွေ တာဝန်ရှိသလဲဆိုတာ သူတို့ ဖြေရှင်းရမဲ့ကိစ္စတွေ အများကြီးရှိတယ်။" ဆက်လက်ပြီး ကိုလှမျိုးနောင် ခံစားရနိုင်ဖွယ်ရှိတဲ့ ဝေဒနာတွေကိုလဲ ဒေါက်တာဝင်းနိုင်က ဆေးပညာရှုထောင့်ကနေ အခုလို ယူဆပါတယ်။ "အာရုံကြောကြီးထိခိုက်သွားတယ်လို့ အန်ကယ်တော့ ထင်တယ်။ မျက်စိအမြင် မြင်ကွင်းမှာ ထိခိုက်သွားနိုင်တယ်။ ဗီရှင်းပေါ့။ ဗီရှင်းဆိုတာ မျက်စိရဲ့ မြင်ကွင်းဟာဘယ်လောက်အထိ မြင်ရတော့မလဲဆိုတာ မူတည်တယ်လေ။ မှုန်ဝါးသွားတာလဲဖြစ်နိုင်တယ်။ ဦးနှောက်ကို ထိခိုက်သွားတာလဲဖြစ်နိုင်တယ်။ အော်ပတစ်နာဗ့်ကနေပြီးတော့ ဦးနှောက်ထဲကို သွားတာကိုးသူက ဦးနှောက်ကို ထိတယ်ဆိုလို့ရှိရင်တော့ အခုန ပြောသလို စိတ်တွေဘာတွေ ဂယောင်ဂယမ်းဖြစ်သွားနိုင်တာပေါ့။ စိတ်ရောဂါဖြစ်သွားနိုင်တာပေါ့။" အင်္ဂလန်နိုင်ငံက စိတ်ရောဂါ ဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်ဖြစ်ပါတယ်။

ကိုလှမျိုးနောင် အဖမ်းမခံရခင်ကတည်းက သူခံစားနေရတဲ့ မျက်စိတိမ်စွဲဝေဒနာအတွက် နအဖ အာဏာပိုင်တွေအနေနဲ့ အချိန်မီ ဆေးကုသခွင့်ပေးဖို့ ဒေါက်တာဝင်းနိုင်အပါအဝင် အမေရိကန်နိုင်ငံက ဆေးပညာရှင်တွေဖြစ်တဲ့ ဒေါက်တာကိုကိုလေး၊ ဒေါက်တာဇော်မြင့်၊ ဒေါက်တာအေးမင်း၊ ဒေါက်တာထွန်းကျော်ငြိမ်း၊ ဒေါက်တာစိန်ဝင်း၊ ဒေါက်တာကျော်မိုးနဲ့ အင်္ဂလန်နိုင်ငံက ဒေါက်တာ ခင်ဝင်းနွယ် စတဲ့ မြန်မာဆေးပညာရှင် ကိုးဦးက အခုလ (၁၁)ရက်နေ့က တောင်းဆိုခဲ့ပါတယ်။ အဲဒီနေ့မှာပဲ ကိုလှမျိုးနောင် မျက်စိခွဲစိတ်ကုသမှုခံယူရင်း အာရုံကြောထိခိုက်သွားတယ်လို့ နအဖ အာဏာပိုင်တွေက ကိုလှမျိုးနောင်ရဲ့ မိသားစုထံကို လာရောက်အကြောင်းကြားခဲ့တာဖြစ်ပါတယ်။■

## လူ့ဘောင်သစ်ပါတီက လူထုတိုက်ပွဲ အရှိန်ဆက်မြှင့်ရန် တိုက်တွန်းပြောဆို

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

လက်ရှိလူထုတိုက်ပွဲကို ပြည်သူလူထုတရပ်လုံးက အရှိန်မြင့်တိုက်ပွဲဝင်သွားကြဖို့ လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီက ထပ်မံ တိုက်တွန်းပြောဆိုလိုက်ပါတယ်။

ထိုင်း–မြန်မာ နယ်စပ်တနေရာမှာ ဒီကနေ့ကျင်းပတဲ့ လူ့ဘောင်သစ်ဒီမိုကရက် တစ်ပါတီရဲ့ (၁၉) နှစ်မြောက် အခမ်းအနား ကျင်းပစဉ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ အထွေထွေ အတွင်းရေးမှူး ကိုငွေလင်းက အခုလို ပြောဆိုလိုက်တာဖြစ်ပါတယ်။ "လူထုတိုက်ပွဲဟာ စစ်အုပ်စုရဲ့ ဖိနှိပ်မှုသိပ်ကြီးလာတဲ့အတွက် ကျနော်တို့က တိုက်ပွဲအရှိန် တစုံတရာ တန့်သွားရတယ်။ သို့သော်လဲပဲ ဒီတိုက်ပွဲအရှိန်ဟာ ဆက်ကြီးလိမ့်မယ်လို့ မြင်တယ်။ မြင်တဲ့အတွက် ဒီအရှိန်ကို ဆက်မြှင့်ကြရမယ်လို့ ကျနော်ပြောချင်တယ်။ ဒီကနေ့

အခမ်းအနားကို မနက် (၁၀) နာရီကနေ (၁၂) နာရီအထိ ကျင်းပခဲ့ပြီး ပရိသတ် အင်အား (၂၀၀)နီးပါး တက်ရောက်ခဲ့ပါတယ်။ ဒီလို တက်ရောက်လာသူတွေ အထဲက မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး ကျောင်းသားတပ်မတော်ဥက္ကဋ္ဌ ရဲဘော်သံခဲကလဲ ကျောင်းသားတပ်မတော် ဖက်က စစ်ရေးအရ အရှိန်မြင့် တိုက်ပွဲဝင်သွားမယ်လို့လဲ ပြောဆိုသွားပါတယ်။

ဒ့ါအပြင် လူ့ဘောင်သစ် ဒီမိုကရက်တစ်ပါတီကနေ သံဃာ့ဆန္ဒပြပွဲ တွေအပေါ် သုံးသပ်ချက် စာတမ်းတစောင် ထုတ်ပြန်ခဲ့တယ်လို့ ကိုငွေလင်းက ပြောပါတယ်။ ဆက်လက်ပြီး လူထုအနေနဲ့ ဘာတွေ ဆက်လုပ်သင့်လဲလို့ ထပ် မေးရာမှာ ကိုငွေလင်းက အခုလို ပြောခဲ့ပါတယ်။

"အထူးသဖြင့် ကျနော်တို့ မြန်မာပြည်သူလူထုကို ဂုဏ်ပြုချီးကျူး ချင်တဲ့ အချက်ကတော့ အင်မတန်ကို ဖိနှိပ်နေတဲ့ကြားထဲကပဲ ဒီပွဲကြီးကိုဖြစ် အောင်လုပ်ခဲ့နိုင်တဲ့စွမ်းပကားကို ကျနော်တို့ချီးကျူးချင်တယ်။ နောက်တခုက တော့ ဒီပွဲကို ကျနော်တို့ ရပ်ပစ်လို့ရှိရင် ကျနော်တို့ဟာ တော်တော်ကို နောက် ဆုတ်ပေးလိုက်ရတဲ့ အခြေအနေမျိုးဖြစ်သွားမှာဖြစ်တဲ့အတွက် ဒီပွဲကို ဘယ် လောက် ဖိနှိပ်မှုကြီးသည်ဖြစ်စေ အဲဒီကြားထဲကကို ထိုးထိုးဖောက်ဖောက်နဲ့ ကျနော်တို့ မြန်မာပြည်သူတွေရဲ့တိုက်ပွဲ အရှိန်ကို ဆက်ပြီး မြှင့်ကြရလိမ့်မယ်။ အဲဒီမြှင့်ဖို့ နည်းနာတွေလဲ ရှာကြံကြရလိမ့်မယ်။ အဲဒါဟာကိုယ်စီကိုယ်စီ ကျနော်တို့ မြန်မာပြည်သူတွေမှာ တာဝန်အမှန်ပဲ ကျနော်တို့အပေါ်မှာ ရှိနေပြီ ဆိုတာ ကျနော်အားလုံးကို မေတ္တာရပ်ခံပန်ကြားချင်ပါတယ်။"

လူထုအားနဲ့ လူထုတိုက်ပွဲတွေရှိန်မြှင့်ဖို့တွဲဘက် အထွေထွေ အတွင်းရေးမှူး ကိုငွေလင်းရဲ့ တိုက်တွန်း ပြောဆိုချက် ဖြစ်ပါတယ်။ လူ့ဘောင် သစ်ဒီမိုကရက်တစ်ပါတီကို ရှစ်လေးလုံး အရေးတော်ပုံကြီးအပြီး (၁၉၈၈) ခုနှစ် အောက်တိုဘာလ (၁၄)ရက်နေ့မှာ ကျောင်းသားလူငယ်တွေနဲ့ စတင်ဖွဲ့စည်းခဲ့ တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ နအဖရဲ့ ဖိနှိပ်မှုတွေကြောင့် ထိုင်းနိုင်ငံ လွတ်မြောက်နယ်မြေကို ပြောင်းရွှေ့ခဲ့ရတဲ့ပါတီ ဖြစ်ပါတယ်။ ■

## ချူလာလောင်ကွန်း သာသနာ့ တက္ကသိုလ်မှ သောတုဇန စာသင်သားသံဃာတော်တပါးက သံဃာ့နာယက ဆရာတော်ကြီးထံ လျှောက်ထားတောင်ပန်းချက်

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

နိုင်ငံတော် သံဃာ့နာယက ဆရာတော်ကြီးတွေအနေနဲ့ တပြည်လုံး က သံဃာတွေနဲ့ ပြည်သူတွေရဲ့ သွေးထွက်သံယိုမှုကို ဒီအတိုင်း ကြည့်မနေကြ ဘဲ တရားတဲ့ဖက်ကနေ ကယ်တင်ရပ်တည်ပေးဖို့ ဘန်ကောက်မှာ ပညာသင် ကြားနေတဲ့ သောတုဇနဘိက္ခုစသင်သား သံဃာတော်တပါးက အိတ်ဖွင့်ပေးစာ တစောင်ပေးပို့ပြီး တိုက်တွန်း အကြံပြုထားပါတယ်။

ဘန်ကောက်ရှိသာသနာ့ တက္ကသိုလ်မှာ ဘီအေတန်း တက်ရောက် နေတဲ့ သံဃာတော် အရှင်နန္ဒကမနေ့က ပေးပို့လိုက်တာ ဖြစ်ပါတယ်။ စာပါ အချက်အလက်တွေနဲ့ ပတ်သက်ပြီး ဘန်ကောက်ရှိ ချူလာလောင်ကွန်း သာသနာ့ တက္ကသိုလ်ကြီးက သောတုဇန စသင်သား သံဃာတော် အရှင်နန္ဒက အခုလို စတင်မိန့်ပါတယ်။ "ဖတ်ပြမယ် နားထောင်ပါ။ (၁၃၆၉) ခုနှစ်၊ သီတင်း ကျွတ်လဆန်း (၁)ရက် သောကြာနေ့။ ဘုရားတပည့်တော် ဘုရားရှိသေစွာ ဦးတိုက် လျှောက်ထားအပ်ပါသည်။ နိုင်ငံတော် သံဃာ့မဟာ နာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်နဲ့အဖွဲ့ဝင် ဆရာတော်ကြီးများ နိုင်ငံတော် ဩဝါဒအဖွဲ့ဝင် ဆရာတော်ကြီးများနဲ့ နိုင်ငံတော် ဗဟို သာသနာ့ဝန်ဆောင်ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ဘုရား။ ဘုရားတပည့်တော်သည် လက်ရှိ ဗမာပြည်၏ သံဃာ့အဖွဲ့အစည်းတွင် ပါဝင်၍ သံဃာ့အဖွဲ့အစည်း ခေါင်းဆောင် ဖြစ်တော်မူသော ဆရာတော် သံဃာတော် အရှင်သူမြတ်တို့၏ စည်းကမ်း လမ်းညွှန်ဖြင့် ဆိုဆုံးမမှုအောက်တွင်ရှိသော ရဟန်းငယ်တပါး ဖြစ်ပါသည် ဘုရား။ မထင်မရှား ရဟန်းငယ်တပါးပင် ဖြစ်သော်လဲ သံဃာ့ကိစ္စတွင် ဝါကြီး ဝါငယ်မဟူ သဘောတူမတူကို ဆုံးဖြတ်ပိုင်ခွင့် အကြံအဉာဏ်ပေး ပိုင်ခွင့်စသည် ရှိသည်ဟူသော ဗုဒ္ဓဝိနည်း ပညတ်တော်ကို လက်ကိုင်ထား၍ ဆရာတော် ဘုရားများထံ ယခုလို ဤစာကို လျှောက်ထားရေးသားရပါ သည် ဘုရား။

တပည့်တော်ဘုရားလျှောက်ထားမည့် အကြောင်းအရာသည် မြန်မာနိုင်ငံအတွင်း သတင်းသုံးနေထိုင်ကြတော်မူသော ဗုဒ္ဓသံဃာထု၏ လက်ရှိအခန်းကဏ္ဍအား မြန်မာပြည်သူပြည်သားတို့အတွက် ဘာသာရေး လူမှုရေး သာသနာရေးတို့တွင် လက်ရှိထက် ပိုမိုကောင်းမွန်အောင် ကြိုးပမ်း ကြံဆောင်ရာတွင် ထည့်သွင်းစဉ်းစားရန် တိုက်တွန်းခြင်းဖြင့် အကြံပြုချက် ဖြစ်ပါသည်ဘုရား။" ဆက်လက်ပြီး ဘုရားသားတော် ရဟန်းသံဃာတော် တွေဟာ ပြည်သူတွေရဲ့ အကောင်အဆိုးကို ပြုပြင်ခြင်း လမ်းညွှန်ပေးခြင်းဖြင့် ဘာသာသာသနာရေးတာဝန်ကို ထမ်းရွက်နေသူတွေ ဖြစ်တယ်လို့ ဆက်လက် ရေးသားထားပါတယ်။ ပြည်သူတွေရဲ့ အတွေးအခေါ် လောကအမြင် ကိုယ်ကျင့်တရား ဒုက္ခစတာတွေကို ထိုက်သင့်သမျှ လွှမ်းမိုးပုံဖော် ပေးနိုင်တဲ့ ဘာသာရေး လက်ဦးဆရာတွေ ဖြစ်တယ်လို့ ဆိုပါတယ်။ မြန်မာပြည် ပြည်သူလူထုအကြား ကိုယ်ကျင့်တရား ပျက်ပြားမှု၊ အနိုင်ပြုကျင့်မှု မငြိမ်း ချမ်းမှုတွေဟာ အချိန်ကာလကြာ ဖြစ်ပေါ်နေတဲ့ အမှုကိစ္စတွေမှာလဲ သံဃာ တော်တွေဟာ အားလုံး မဟုတ်တောင်မှ တနည်းအားဖြင့် တာဝန်ရှိတယ် လို့ ထောက်ပြထားပါတယ်။ အခုလောလောဆယ်မှာလဲ အပြင်ပန်းအရ ငြိမ်သက်နေတယ်လို့ ထင်ရပေမဲ့ အတွင်းပိုင်းမှာတော့ ပွက်ပွက်ဆူနေတဲ့ ဒယ်အိုးတခုလို ဖြစ်နေတယ်လို့ အခုလို ထောက်ပြထားပါတယ်။

"ယခုအခါ တပည့်တော်တို့ မြန်မာနိုင်ငံတွင် ဘာသာရေး နိုင်ငံရေး လူမှုရေးတို့နဲ့ ဆက်စပ်သော ပြည်သူလူထု အကြား ရန်လိုမုန်းတီး ခြင်း၊ သွေးထွက်သံယိုခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ လူအများ မလုံမခြုံခံစား နေရခြင်းစတဲ့ ဝမ်းနည်းဖွယ်ရာ ဖြစ်ရပ်များ ဖြစ်ပွားလျက် ရှိသည်ကို ဆရာ တော် အရှင်သူမြတ်များ ကြားသိကြပြီးပြီ ဖြစ်ပါလိမ့်မယ်ဘုရား။ တဖက်နဲ့ တဖက်တဖွဲ့နဲ့တဖွဲ့ လူထုတရပ်နဲ့ အခြားလူထု တရပ်တို့၏ အပေါ်ယံ ဖုံးကွယ်ထားသော ခြားနားမှုလဲ အထင်အရှား ဖြစ်ခဲ့ရပါသည်ဘုရား။ ညီညွတ်သူတို့၏ အကျင့်သည် ချမ်းသာကြောင်း ရှိသည်ဟူသော ဗုဒ္ဓ ထေရဝါဒဗုဒ္ဓ အထွန်းကားဆုံးဟု ကမ္ဘာတွင် နာမည်ရသော တပည့်တော် တို့ မြန်မာပြည်တွင် အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံရသူ ပြည်သူအကြား၌ လည်းကောင်း၊ ထိုပြည်သူလူထု၌ အစိုးရ အရပ်သားနဲ့ သာမန်ပြည်သူထု ကြား၌လည်းကောင်း စိတ်ဝမ်းကွဲပြားလျက်ရှိသည်ကို ဝမ်းနည်းဖွယ်ရာ မြင်တွေ့ရပါသည်ဘုရား။ ယခုလက်ရှိ ငြိမ်သက်ရောင် ဖြစ်နေသောအခြင်း အရာသည်လဲ တကယ့်အစစ်အမှန်မဟုတ်ဘဲ အပေါ်ယံ ရေလောင်းထား သည့်အတွင်း၌ ပွက်ပွက်ဆူနေသော ဒယ်အိုးတလုံးလို ဖြစ်နေပါသည် ဘုရား" အဆုံးမှာတော့ မြန်မာနိုင်ငံ အနာဂတ် သာယာလှပဖို့အတွက် ပြည်သူတွေ အားထားကိုးကွယ်တဲ့ သံဃာတော် အရှင်သူမြတ်တွေအနေနဲ့ တရားတဲ့ဖက်က ရပ်တည် ဆောင်ရွက်ပေးဖို့ အရှင်နန္ဒက တိုက်တွန်းထားခဲ့ ပါတယ်။

"ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ ဘုရား အထက် တွင် ဘုရားတပည့်တော် လျှောက်ထားခဲ့သည့်အတိုင်း သံဃာ့အဖွဲ့အစည်း ကြီးသည် မြန်မာနိုင်ငံသူ မြန်မာနိုင်ငံသားတို့ အားထား ကိုးကွယ်လျက်ရှိ သော သမာသမတ်ကျသော သူတော်စဉ် အဖွဲ့အစည်းကြီး ဖြစ်ပါသည် ဘုရား။ ထိုအဖွဲ့အစည်းပင်လျှင် အုပ်ချုပ်သူနဲ့ သာမန်လူတန်းစားတို့ နှစ်ခုအကြား ကြားနေအဖြစ် ရပ်တည်၍ တရားနည်းလမ်းကျ မှန်မှန် ကန်ကန် ဝေဖန်ညှိနှိုင်းပေးနိုင်သော တခုတည်းသော ခိုင်မာသော အဖွဲ့ အစည်း ဖြစ်ပါသည်ဘုရား။ ဤသို့ မြန်မာနိုင်ငံတွင် အမှန်တကယ်

လိုအပ်လျက်ရှိသော အခြေအနေမျိုးတွင်သံဃာထု တရပ်လုံးမှ နှုတ်စိတ်လျက် မသိကျိုးကျွံ ပြုနေခြင်းသည်လည်းကောင်း မျက်နှာလွှဲထားခြင်းသည်လည်းကောင်း (သို့မဟုတ်)လက်ရှိ အင်အားကြီး လူတန်းစားဖက်မှရပ်လျက် ဆုံးဖြတ်ချက်ချရခြင်းသည်လည်းကောင်း အလွန်မသင့်လျော်သောလုပ်ရပ်ပင် ဖြစ်ပါသည်ဘုရား။ ဖြစ်သင့်သည်ကို ဖြစ်သင့်သည့်အတိုင်း မဖြစ်သင့်သည်ကို မဖြစ်သင့်သည့်အတိုင်း တရားကိုတရားဟုအတိုင်း မတရားကို မတရားဟုအတိုင်း ဝင်ရောက်ကန့်ကွက်ပေးခြင်း ထောက်ခံကန့်ကွက်ခြင်းဖြင့် ပါဝင်လုပ်ဆောင်မှသာ တပည့်တော်တို့မှာ သမိုင်းတာဝန် ကျေပွန်ပြီး မြန်မာနိုင်ငံ၏အနာဂတ်လဲ သာယာလှပမည် ဖြစ်ပါသည်ဘုရား။"

နိုင်ငံတော် သံဃာ့နာယက ဆရာတော်တွေဆီ အကြံပြုစာရေးသားလိုက်တဲ့ သောတုဇနဘိက္ခုစာသင်သား သံဃာတော် အရှင်နန္ဒဖြစ်ပါတယ်။ ဒီစာကို စာတိုက်ကနေ သံဃာ့နာယက ဆရာတော်တွေဆီပေးပို့ပြီး ဖြစ်တယ်လို့လဲ သိရပါတယ်။ ■

## All India Forward Bloc ပါတီက မြန်မာ့ဒီမိုကရေစီအရေး ဟောပြောပွဲပြုလုပ်

*ဒီဗွီဘီ၊ ၁၄ အောက်တိုဘာလ၊၂၀၀၇*

မနေ့ညနေပိုင်းက အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ မြန်မာ့ဒီမိုကရေစီရေး သွေးစည်းညီညွတ်ကြောင်းပြသတဲ့ ဟောပြောပွဲတခုကို အိန္ဒိယ လွတ်လပ်ရေး ခေါင်းဆောင်ကြီး ဆူဘတ်ချန်ဒရာဘို့စ် တည်ထောင်ခဲ့တဲ့ အောလ် အင်ဒီယား ဖောဝပ်ဗလော့ (All India Forward Bloc)ပါတီက ပြုလုပ်ခဲ့ကြောင်း သိရပါတယ်။

နယူးဒေလီမြို့လည်ရှိ ကယ်ရဲလာ ခန်းမမှာပြုလုပ်တဲ့ အဲဒီအခမ်းအနား ရှေ့တည့်တည့်ထိပ်ဆုံးမှာ မြန်မာဒီမိုကရေစီ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ပုံနဲ့ အိန္ဒိယ လွတ်လပ်ရေးခေါင်းဆောင်ကြီး နေတာဂျီ ဆူဘတ်ချန်ဒရာဘို့စ်ရဲ့ ပုံတွေကိုရေးဆွဲ ထားပါတယ်။ အခမ်းအနားမှာ ပထမဆုံး မိန့်ခွန်း ပြောကြားသူကတော့ အောလ်အင်ဒီယား ဖောဝပ်ဗလော့ ( ALL INDIA FORWARD BLOC)ပါတီရဲ့ အထွေထွေအတွင်းရေးမှူးလဲဖြစ်၊ လက်ရှိလွှတ်တော်အမတ်လဲဖြစ်တဲ့ ဒီဗရာ သာဗစ်ရှုဝါက စကားပြောကြားခဲ့ပါတယ်။

"ကမ္ဘာတလွှားက ခင်ဗျားတို့ မြန်မာဒီမိုကရေစီအရေးကို အရေးပေးတဲ့ အမြင်သဘောထားကို တည်ဆောက်ယူကြပါ။ ခင်ဗျားတို့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေ အောင်မြင်မှုရရမယ်လို့ ယုံကြည်ပါတယ်။ မြန်မာစစ်အစိုးရ ကျဆုံးနေပါပြီ။ မြန်မာပြည်သူတွေရဲ့ ရဲရင့်တဲ့သတ္တိကိုလဲ ဂုဏ်ယူပါတယ်။ ကျနော်တို့ပါတီဆီက လိုအပ်တဲ့ အကူအညီတွေကိုလဲ အားမနာတမ်း လာရောက်ပြီး ပြောဆိုရယူနိုင်ပါတယ်"လို့ ပြောသွားတာပါ။

အခမ်းအနားမှာ ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB)ရဲ့အိန္ဒိယအခြေစိုက် ဝန်ကြီးဒေါက်တာတင့်ဆွေက သံဃာတော်တွေ ဦးဆောင်တဲ့ ငြိမ်ချမ်းစွာလူထုဆန္ဒပြပွဲကို ကွန်ပြူတာရုပ်ရှင်အသုံးပြုပြီး နေ့စွဲအစဉ်လိုက် မှတ်တမ်းတွေ ဓါတ်ပုံတွေနဲ့ တက်ရောက်လာသူတွေကို ရှင်းပြပါတယ်။ ဒါ့အပြင် အမျိုးသမီးများအဖွဲ့ချုပ် မြန်မာနိုင်ငံ (WLB)ရဲ့ ခေါင်းဆောင်တဦးဖြစ်တဲ့ ဒေါ်သင်းသင်းအောင်ကလဲ အိန္ဒိယလူထုတွေ၊ မီဒီယာတွေရဲ့ မြန်မာပြည် ဒီမိုကရေစီအရေးအတွက် အာရုံစိုက်ဆောင်ရွက်မှုတွေကို အားရမိကြောင်းနဲ့ လာမဲ့ဆောင်းရာသီ အိန္ဒိယ ပါလီမန်မှာလဲ မြန်မာအရေးကို အဓိကဆွေးနွေးချက်ထဲမှာ ပါဝင်ဖို့တောင်းဆို ပြောကြားခဲ့ပါတယ်။

အခမ်းအနားမှာ နောက်ဆုံးစကားပြောကြားသူ တဦးဖြစ်တဲ့ နီပေါနိုင်ငံ ကွန်မြူနစ်ပါတီ ခေါင်းဆောင်တဦး ဖြစ်တဲ့ ကွန်မရိတ်ပန့်ဒေ့ ကလဲ အခုလို ပြောကြားသွားပါတယ်။

"ဒီမိုကရေစီ အခွင့်အရေးတွေအတွက် တိုက်ပွဲဝင်နေကြတဲ့ မြန်မာပြည်သူတွေနဲ့ ကျနော်တို့က သွေးစည်းညီညွတ်မှုရှိကြောင်း ပြသလိုပါတယ်။ လူ့အခွင့်အရေးကိစ္စဟာ ပြည်တွင်းရေးဆိုပြီး တခြားနိုင်ငံတွေက ရှောင်ဖယ်နေလို့ မရပါဘူး။ ဒါဟာ တကမ္ဘာလုံးနဲ့ဆိုင်တဲ့ အရေးကိစ္စပါ။ ဒါ့ကြောင့် တခြားနိုင်ငံက ပြည်သူတွေအနေနဲ့လဲ အဖိနှိပ်ခံ မြန်မာပြည်သူတွေနဲ့ သွေးစည်းညီညွတ်မှုရှိကြရပါမယ်"လို့ ပြောသွားတာပါ။ အဲဒီအခမ်းအနားကို အိန္ဒိယနိုင်ငံရေးသမားတွေ၊ အိန္ဒိယ လူ့အခွင့်အရေး အဖွဲ့တွေနဲ့ မြန်မာ့ဒီမိုကရေစီအင်အားစုတွေလဲ တက်ရောက်ကြကြောင်းသိရပါတယ်။ ■

## ဆန္ဒပြသူတွေကို ဆက်လက်ဖမ်းဆီးနှိမ်နင်းမှုတွေ ရပ်တန့်ဖို့ နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ တောင်းဆို

*ဗွီအိုအေ၊ ၁၄ အောက်တိုဘာလ၊ ၂၀၀၇*

မကြာသေးခင်က မြန်မာနိုင်ငံအဝှမ်းဖြစ်ပွားခဲ့တဲ့ ဆန္ဒပြပွဲတွေကို မြန်မာစစ်အစိုးရက အကြမ်းဖက် နှိမ်နင်းခဲ့တဲ့အပြင် နောက်ဆက်တွဲ ဖမ်းဆီးမှုတွေ လုပ်ဆောင်နေတဲ့အပေါ် နိုင်ငံတကာက ဝိုင်းဝန်းကန့်ကွက်မှုတွေ ထွက်ပေါ်နေပါတယ်။ ဒီအထဲမှာ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ကြီးဖြစ်တဲ့ Amnesty Internationalလည်း ပါဝင်ပါတယ်။ အကြောင်းစုံကို ဦးအောင်လွင်ဦးက တင်ပြထားပါတယ်။

မြန်မာစစ်အစိုးရက နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ပါမယ်လို့ နိုင်ငံတကာကို ပြောဆိုနေချိန်မှာပဲ ဒီမိုကရေစီရေးလှုပ်ရှားသူတွေကို ဆက်လက်ဖမ်းဆီးမှုတွေ လုပ်ဆောင်လာနေတာတွေကို ရပ်တန့်နိုင်ဖို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေနဲ့ တိကျခိုင်မာတဲ့ အရေးယူမှုတွေ လုပ်ဆောင်ပေးဖို့ လန်ဒန်အခြေစိုက် လူ့အခွင့်အရေးအဖွဲ့ကြီးတစ်ခုဖြစ်တဲ့ Amnesty Internationalက ပြောဆိုလိုက်တာပါ။ "အခုလို ဆက်လက်ဖမ်းဆီးမှုတွေ လုပ်ဆောင်နေတာဟာ မြန်မာစစ်အစိုးရက သူပေးထားတဲ့ကတိတွေကို သူ့ဖာသာသူ ဖျက်လိုက်တာနဲ့ အတူတူပါပဲ။ ဒါကြောင့်လည်း ဒီလိုဖမ်းဆီးမှုတွေကို ရပ်တန့်စေဖို့၊ ဖမ်းဆီးခံထားရသူတွေရဲ့ အသက်အန္တရာယ်လုံခြုံမှုကို အာမခံချက်ရစေဖို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီနဲ့ ကမ္ဘာ့ထိပ်တန်းခေါင်းဆောင်တွေအနေနဲ့ ပိုပြီးတိကျခိုင်မာတဲ့ အရေးယူဆောင်ရွက်မှုတွေလုပ်ဖို့တောင်းဆိုထားပါတယ်။"

ဒါ့အပြင် အခုနောက်ဆုံးဖမ်းဆီးခံလိုက်ရတဲ့ နိုင်ငံရေးလှုပ်ရှားသူ (၃) ဦးဖြစ်တဲ့ ကိုဌေးကြွယ်၊ ကိုအောင်သူနဲ့မမီးမီးတို့ရဲ့ လုံခြုံမှုအတွက် အထူးပူပန်မိကြောင်းနဲ့ သူတို့အနေနဲ့ ထိန်းသိမ်းခံရတဲ့နေရာမှာ နှိပ်စက်ညှဉ်းပန်းမှု မတရားဖိနှိပ်မှုတွေနဲ့ ရင်ဆိုင်ရမယ့်အန္တရာယ်နဲ့လည်း ရင်ဆိုင်နေရတယ်လို့ ပြောပါသေးတယ်။ အခုလိုနိုင်ငံရေးလှုပ်ရှားသူတွေကို ဖမ်းဆီးထိန်းသိမ်းထားတာဟာ မြန်မာ့နိုင်ငံရေးကို ဖြေရှင်းရာမှာ အဟန့်အတားတွေ ဖြစ်စေတဲ့အကြောင်းကိုလည်း "ဒေါ်အောင်ဆန်းစုကြည် အပါအဝင် ယုံကြည်မှုကြောင့် အကျဉ်းကျခံနေရသူတွေကို အကျဉ်းချထားတာဟာ အားလုံးပါဝင်ကြရမယ့် အမျိုးသားပြန်လည်သင့် မြတ်ရေး လုပ်ငန်းစဉ်မှာအခြေခံအကျဆုံးအဟန့် အတားတစ်ခုဖြစ်နေပါတယ်။ ဒါကြောင့်လည်း ကျမတို့က ယုံကြည်ချက်ကြောင့် ဖမ်းဆီးခံနေရသူတွေကို အမြန်ဆုံးပြန်လွှတ်ပေးဖို့ တောင်းဆိုနေရတာပါ။"

ဒီလို မြန်မာစစ်အစိုးရအပေါ် ဖိအားပေးနိုင်ဖို့ အစိုးရတွေကို တွန်းအားပေးလုပ်ဆောင်ရာမှာ မြန်မာစစ်အစိုးရအပေါ် ဩဇာညောင်းတဲ့ တရုတ်အစိုးရကိုလည်း ပိုမိုပါဝင်လုပ်ကိုင်လာဖို့ အာရုံစိုက်လုပ်ဆောင်သွား ဖို့ရှိတယ်လို့လည်း ကက်သရင်းဘာဘာက ပြောသွားပါသေးတယ်။■

" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချီသူများအား အထူးကျေးဇူးတင်ပါသည်။ "